စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၁/၂၀၂၀

## ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ချင်းပြည်နယ်ထွက် လိမ္မော်သီးများ အထွက်နည်းသော်လည်း ဈေးကောင်းရ
- မင်းဘူးဒေသ၌ ကြက်သွန်နီအသစ်ဈေးကွက်ဝင်လာ၍ ဈေးများပြန်ကျ

### နိုင်ငံတကာဈေးကွက်

- လာမည့်နှစ်တွင် ဆန်တန်ချိန် ငါးသိန်နှ့ခန့်အထိတင်ပို့ရန် အင်ဒိုနီးရှားရည်ရွယ်
- ဗီယက်နမ်လယ်ယာကဏ္ဍ၏ ကုန်သွယ်ရေးပိုငွေ ကန်ဒေါ်လာ ၈ ဒသမ ၈ ဘီလျံရရှိထား

### ပြည်တွင်းကုန်သွယ်မှုသတင်း

- အိန္ဒိယ၏မူဝါဒ မတည်ငြိမ်မှုကြောင့် ပြည်တွင်းပဲဈေးကွက်မတည်ငြိမ်
- အထည်ချုပ်လုပ်ငန်းများတွင် လူမှုသိက္ခာနှင့်ပတ်ဝန်းကျင်တည်ငြိမ်ရေးစီမံကိန်းကို အီးယူစတင်ဖော်ဆောင်နေ
- နာနတ်သီးကို တရုတ်သို့ တရားဝင်တင်ပို့နိုင်ရေး ညှိနှိုင်းပေးရန်တောင်းဆို
- တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံကုန်စည်ဖလှယ်တင်ပို့ စနစ်လက်တွေ့အသုံးပြုရန် ကြာမြင့်ဦးမည်
- မြန်မာစီးပွားရေးအနာဂတ်တွင် အခြေအနေကောင်းများရှိဟု ဥရောပစီးပွားရေးလုပ်ငန်းရှင်များ မှတ်ချက်ပြု

### ပြည်ပကုန်သွယ်မှုသတင်း

- ထိုင်းသို့ အခွန်လွတ်ဖြင့် ပြောင်းတန်ချိန် တစ်သိန်းတင်ပို့ရန် ယခုလလယ်၌ လက်မှတ်ရေးထိုးမည်
- လာအိုလုပ်ငန်းရှင်များက မြန်မာ့လယ်ယာထွက်ကုန်များ ဝယ်ယူလို၍ လာရောက်ဆွေးနွေး
- တရုတ်က မြန်မာ့သီးနှံရှစ်မျိုးကို နယ်စပ်လမ်းကြောင်းအားလုံးက တရားဝင်တင်သွင်းခွင့်ပြု
- Hamp ကိုစိုက်ပျိုးခွင့်ရရှိပါက ရင်းနှီးမြှုပ်နှံလိုဟု တရုတ်ကုမ္ပဏီများကမ်းလှမ်း
- ထားဝယ်အထူးစီးပွားရေးဇုန်က မဟာမဲခေါင်အပါအဝင် အရှေ့အလယ်ပိုင်းနှင့် အိန္ဒိယဈေးကွက်သို့ ချိတ်ဆက်ရန် ဖြစ်ဟုဆို

### အထူးဆောင်းပါးများ

- မြန်မာ့သစ်သီးဝလံများ ဈေးကွက်ခိုင်မာရေးနှင့် ရေရှည်တင်ပို့နိုင်ရေး
- အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ကဏ္ဍအလိုက် ပို့ကုန်မြှင့်တင်ရေး အစီအစဉ်များဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပခြင်း

### ကုန်သွယ်မှုအခြေအနေ

### ကုန်စည်ဈေးနှုန်းများ

ကုန်သွယ်မှုသတင်းအချက်
အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.org
myantradetir2018@gmail.com

## ချင်းပြည်နယ်ထွက် လိမ္မော်သီးများ အထွက်နည်းသော်လည်း ဈေးကောင်းရ

ချင်းပြည်နယ်သည် နှစ်ရှည်သီးပင်များစိုက်ပျိုးရာတွင် ဓာတုဆေးဝါးများအသုံးမပြုဘဲ သဘာဝမြေသြဇာကိုသာ အဓိထား၍စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ လိမ္မော်စိုက်ပျိုးမှုအများဆုံးဖြစ်သည့် တွန်းဇံမြို့နယ်နှင့် တီးတိန်မြို့နယ်တို့၌ ယခုနှစ် လိမ္မော်သီးအထွက်နည်းနေသော်လည်း ဒီဇင်ဘာလဆန်းပိုင်း အသီးများစတင်ပေါ်ချိန် ဈေးကောင်းရရှိကြောင်း သိရသည်။ ယခုရက်ပိုင်း ကလေးမြို့ဈေးကွက်ရောက် ချင်းတောင်ထွက် လိမ္မော်သီးများ အကြီးအသေးပေါ် မူတည်၍ တစ်လုံးလျှင် ကျပ်၂၀၀ မှ ၅၀၀ အထိ ဈေးပေါက်ကာ အလုံးသေးများကို ၁၀ လုံးလျှင် ကျပ် ၂၀၀၀ နှင့် အလုံးကြီး ၁၀ လုံးလျှင် ကျပ် ၃၀၀၀ မှ ၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ချင်းပြည်နယ် တီးတိန်ဒေသထွက် လိမ္မော်သီးများနှင့် တွန်းဇံဒေသထွက် လိမ္မော်သီးများ မြန်မာ–အိန္ဒိယနယ်စပ် တမူးဈေးကွက်သို့ လည်းကောင်း၊ ကလေး–ဂန့်ဂေါဈေးကွက်သို့လည်းကောင်း၊ ကလေး–မုံရွာဈေးကွက်များသို့လည်းကောင်း တင်ပို့ရောင်းချကြရာအလုံးမည်မျှသေးစေကာမူ သဘာဝမြေသြဇာသုံး၍စိုက်ပျိုးထားသော သစ်သီးဝလံဖြစ်သဖြင့် ဓာတုပစ္စည်းအသုံးပြု၍ စိုက်ပျိုးသောသစ်သီးဝလံများထက် ဈေးပိုပေးပြီး ရွေးချယ်ဝယ်ယူကြသည်။ "ကျွန်မရဲ့ ခြံမှာ လိမ္မော်ပင်ပေါင်း ၄၀၀ ကျော်စိုက်ပျိုးထားပါတယ်။ ချင်းတောင်ထွက် သဘာဝလိမ္မော်က နှစ်တိုင်း အထွက်နှုန်းကောင်းမွန်တာမျိုးမဟုတ်ပါဘူး။ အခုနှစ်မှာတော့ ရာသီဥတု အခြေအနေအရ မိုးရွာသွန်းမှုများပြားလွန်းတာရယ်၊ ပိုးကောင်ကိုက်စားတဲ့ အန္တရာယ်တွေကြောင့် အသီးကြွေကျတာများတဲ့အတွက် အထွက်နှုန်းနည်းပါးနေပါတယ်။ ပြီးခဲ့တဲ့နှစ်တွေမှာ အလုံးပေါင်း ၂၅၀၀၀ ကနေ ၃၀၀၀၀ အထိ ထွက်ရှိရာကနေ အခုနှစ်မှာတော့ အလုံးပေါင်း ၅၀၀၀ လောက်ပဲထွက်ပါတယ်" ဟု တွန်းဇံမြို့နယ် ဟန်ကင်ကျေးရွာမှ လိမ္မော်ခြံ ပိုင်ရှင် ဒေါ်ဟွေ့ဆေးလိုန်က ပြောသည်။



ချင်းပြည်နယ်တွင် လိမ္မော်ခြံလုပ်ငန်းကို ပြည်နယ်အနှံ့အပြား၌ လုပ်ကိုင်မှုရှိသော်လည်း ရှေးကာလမှ စတင် လုပ်ကိုင်ခဲ့သည့် သမားရိုးကျခြံလုပ်ငန်းအဖြစ် လုပ်ကိုင်စိုက်ပျိုးခြင်း၊ နိုင်ငံတကာအဆင့်မီ နည်းပညာမရရှိခြင်း၊ ခေတ်မီဆေးဝါး သုံးစွဲနိုင်မှုမရှိခြင်းတို့ကြောင့် အလုံးသေးပြီး အလုံးကျစ်သော လိမ္မော်သီးများသာ ဈေးကွက်သို့ ရောင်းချနိုင်ကြောင်း၊ လိမ္မော်သီးပင်များသည် နှစ်ရှည်သီးနှံပင်ဖြစ်ပြီး အပင်သက်တမ်း ငါးနှစ်မှ စ၍ အသီးစတင်သီးကာ ခုနစ်နှစ်အရွယ်တွင် ပင်ပျိုအားရှိချိန် ဖြစ်သောကြောင့် အသီးကောင်းကောင်း သီးလာကြောင်း တီးတိန်မြို့နယ် ဆဲဇန်ကျေးရွာမှ လိမ္မော်ခြံပိုင်ရှင် ဦးဒိုးနန်က ပြောပြသည်။

ချင်းပြည်နယ်သည် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးများ အသုံးမပြုဘဲ သဘာဝမြေသြဇာကိုသာ အဓိက အားထားလျက် စိုက်ပျိုးရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် စီမံဆောင်ရွက်နိုင်သော အခွင့်အလမ်းရှိသည့်အပြင် ဓာတုပစ္စည်းကင်းစင်ပြီး အရည်အသွေးအရသာပြည့်ဝသည့် သဘာဝအသီးများကို ချင်းပြည်နယ်၌သာရရှိခြင်းသည် စိုက်ပျိုးရေးအသီးအနှံရောင်းဝယ်ရေးဈေးကွက်အတွက် အားသာချက်တစ်ခုဖြစ် ကြောင်း သိရသည်။

Source: https://myanmar.mmtimes.com/news/132443.html

## မင်းဘူးဒေသ၌ ကြက်သွန်နီအသစ် ဈေးကွက် ဝင်လာ၍ ဈေးများ ပြန်ကျ

မင်းဘူးဒေသအတွင်း ရေဝတီမြစ်လယ်ကျွန်းများပေါ် စိုက်ပျိုးသောကြက်သွန်နီများနှင့် ချောင်းနံဘေး ကိုင်းမြေများတွင် စိုက်ပျိုးသော ကြက်သွန်နီများဈေးကွက်အတွင်း ဝင်ရောက်လာသဖြင့်ကြက်သွန်နီဈေးများ ယခုရက်ပိုင်းတွင် ပြန်လည်ကျဆင်းနေကြောင်း သိရသည်။ "ကြက်သွန်နီဈေးတွေ မြင့်တက်လာခဲ့တာကတော့ ပြီးခဲ့တဲ့ နိုဝင်ဘာလကုန်လောက်ထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တင်ပို့နေကြတာဖြစ်တဲ့အတွက် ဈေးတွေတောက်လျှောက်မြင့်တက်ခဲ့တာဖြစ်ပါ တယ်။ ဝယ်လက်ပွဲစားတွေအနေနဲ့ ပွဲရုံတွေ၊ ရွာတွေအထိကို ဆင်းပြီးဝယ်ယူကြတော့ ဈေးတွေကရက်ပိုင်းအတွင်းကို မြင့်တက်ခဲ့တာပါ။ အရင်ရှိနေတဲ့ တစ်ပိဿာ ကျပ် ၈၀၀၊ ၁၀၀၀ ဈေးကနေ တစ်ပိဿာ ကျပ် ၃၄၀၀ အထိ မြင့်တက်ခဲ့တယ်။ အခုရက်ပိုင်း ကြက်သွန်အသစ်တွေ ပေါ်လာတော့ ဈေးတွေပြန်ကျ ကုန်ပါပြီ"ဟု မင်းဘူးမြို့မဈေးကြီးအတွင်းရှိ သီးနှံစုံပွဲရုံပိုင်ရှင် ဒေါ်ခင်လှက ပြောသည်။ မင်းဘူးဒေသတွင်



ပြီးခဲ့သည့် နိုဝင်ဘာ လကုန်ပိုင်း အထိ ကြက်သွန်နီ တစ်ပိဿာ ကျပ် ၃၄၀၀ အထိရှိခဲ့ရာမှ ယနေ့ကြက်သွန်နီ တစ်ပိဿာ ကျပ် ၂၃၀၀ ဈေးအထိ ကျဆင်းခဲ့ကြောင်း သိရသည်။ "အခုရက်ပိုင်း ကြက်သွန်နီဈေးတွေ ပွဲရုံတွေမှာ ပြန်လည်ကျဆင်းခဲ့တာကြောင့် ကျွန်မတို့ လက်လီ ပြန်ရောင်းတဲ့ ဈေးသည်တွေအနေနဲ့ ဈေးပြန်ချပြီး ရောင်းပေးနေပါတယ်။ အရင်က ကြက်သွန်တစ်ပိဿာ

ကျပ် ၃၈၀၀ ထိ လက်လီရောင်းချခဲ့တယ်။ အခုကြက်သွန်အသစ်တွေပေါ်လာတဲ့အတွက် ကြက်သွန်အသစ်အကြီး တစ်ပိဿာ ကျပ် ၂၃၀၀ နဲ့ အသေးတစ်ပိဿာ ကျပ် ၂၁၀၀ ဈေးနဲ့ ရောင်းချပေးနေပါတယ်"ဟု မင်းဘူးမြို့မ ဈေးကြီးမှ ကြက်သွန်နီလက်လီရောင်းချသူ ဒေါ်လှလှက ပြောပြသည်။ ကြက်သွန်ထွက်ရှိမှုမှာ နေ့စဉ်ပွဲရုံသို့ဝင်ရောက်နေသော ကြက်သွန်ပမာဏကိုကြည့်၍ ယခု ကြက်သွန်အထွက်ကောင်းပြီး ဈေးလည်း ဆက်လက်ကျဆင်း နိုင်ကြောင်း မင်းဘူးရှိ ကြက်သွန်ပွဲရုံများက သုံးသပ် ပြောကြား သည်။

မကွေးတိုင်းအတွင်း ယခု ကြက်သွန်နီဈေးအနေဖြင့် ပခုက္ကူကြက်သွန်နီ၊ လက်ကားဈေး တစ် ပိဿာ ကျပ် ၁၅၀၀၊ လက်လီဈေး တစ်ပိဿာ ကျပ် ၁၆၀၀၊ ဆိပ်ဖြူကြက်သွန်နီ လက်ကားဈေးတစ်ပိဿာ ကျပ် ၁၇၀၀၊ လက်လီဈေး တစ်ပိဿာ ကျပ် ၁၉၀၀၊ မကွေးကြက်သွန်နီ လက်ကားဈေးတစ်ပိဿာ ကျပ် ၂၁၀၀၊ လက်လီဈေးတစ်ပိဿာ ကျပ် ၂၃၀၀ ဈေးတို့ဖြင့် ရောင်းချနေကြောင်း မကွေးမြို့ ဖန်ခါးမြေကုန်သွယ်မှု ဗဟိုဌာနမှ သိရသည်။

Source: https://myanmar.mmtimes.com/news/132520.html

## နိုင်ငံတကာဈေးကွက်

### လာမည့်နှစ်တွင် ဆန်တန်ချိန်ငါးသိန်းအထိ တင်ပို့ရန် အင်ဒိုနီးရှား ရည်ရွယ်

အင်ဒိုနီးရှားနိုင်ငံသည် ပြည်ပသို့ ဆန်တိုးမြှင့်တင်ပို့နိုင်ရန် ညွှန်ကြားထားသော သမ္မတ ဂျိုကိုဝီဒိုဒို၏ အမိန့်များအရ လာမည့်နှစ်တွင် “ပရီမီယံဆန်” တန်ချိန် တစ်သိန်းမှ ငါးသိန်းအထိတင်ပို့ရန်ရည်ရွယ်ထားကြောင်း စိုက်ပျိုးရေးဝန်ကြီး Syahrul Yasin Limpo က ဗုဒ္ဓဟူးနေ့တွင်ပြောသည်။

ယခုနှစ်တွင် အင်ဒိုနီးရှား၏ ဆန်တင်ပို့မှုမှာမဆိုစလောက်မျှသာရှိပြီး ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း တင်ပို့မှု တန်ချိန် ၂၀၀ ဝန်းကျင်သာရှိကြောင်း အင်ဒိုနီးရှားစာရင်းအင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ နိုင်ငံများစွာသို့ “ပရီမီယံဆန်”တင်ပို့ရေး ပြင်ဆင်ဆောင်ရွက်ရန် စိုက်ပျိုးရေးဝန်ကြီးဌာနကို ညွှန်ကြားထားသည်ဟု Limpo ကပြောသည်။ “အဲဒီအတွက် ဇန်နဝါရီကစပြီး ဆန်တင်ပို့ရေး ပြင်ဆင်မှု လုပ်ငန်းများ စတင်ပါတော့မယ်”ဟု ဝန်ကြီးက သမ္မတနှင့်တွေ့ဆုံအပြီး သတင်းထောက်များကို ပြောသည်။ ဝန်ကြီးဌာနသည် စပါးမျိုးစေ့များပြင်ဆင်ပြီး စပါးကိုသတ်မှတ်ချက်ဖြင့် စိုက်ပျိုးစေမည်ဟု ဝန်ကြီးကဆက်ပြောသည်။ အခြားနိုင်ငံများ ဆန်တင်ပို့နေချိန်တွင် အင်ဒိုနီးရှားအနေဖြင့် မတင်ပို့နိုင်စရာအကြောင်းမရှိဟု ဝန်ကြီးကပြောပြီး အစိုးရက ဆန်တင်ပို့မှုမြှင့်တင်ရန် ကောက်ကာငင်ကာ ဆုံးဖြတ်ရသည့်အပေါ် ရှင်းလင်း ခဲ့ခြင်းမရှိပေ။



အင်ဒိုနီးရှားသည် ပြည်တွင်း၌ ဆန်ရောင်းအားနည်းနေပြီး ဆန်ဈေးထိန်းချုပ်ရန် လိုအပ်သည့်အခါတိုင်း ပြည်ပမှ ဆန်တင်သွင်းလေ့ရှိသည်။ အစိုးရသည် ပြည်ပသို့ဆန်တင်ပို့ရာတွင် နိုင်ငံ၏ စားနပ်ရိက္ခာ သိုမှီးရေးအဖွဲ့ Bulog က ရန်ထားသည့် ဆန်များကို အသုံးပြုမည်မဟုတ်ကြောင်း Limpo က ပြောသည်။ အင်ဒိုနီးရှားသည် ၂၀၁၈ ခုနှစ်အတွင်း ဆန်ပမာဏများစွာ တင်သွင်းခဲ့သည့်အတွက် နိုဝင်ဘာ ၁၈ ရက် စာရင်းအရ Bulop အဖွဲ့ထံတွင် အရန်ဆန် တန်ချိန် ၂ ဒသမ ၂၅ သန်းအထိ ရှိနေသည်။ Bulog အဖွဲ့သည် အရန်ဆန်ပမာဏကို ၂၀၂၀ နှစ်အတွင်း တန်ချိန် ၁ ဒသမ ၃ သန်းသို့ လျှော့ချသွားလိုပြီး တစ်နှစ်ပတ်လုံး ထိုပမာဏဝန်းကျင်တွင် ဆက်ထိန်းသွားရန် ဆန္ဒရှိနေသည်။Reuters

Source: https://www.thefarmermedia.com/news/14361

### ဗီယက်နမ်လယ်ယာကဏ္ဍ၏ ကုန်သွယ်ရေးပိုငွေ ကန်ဒေါ်လာ ၈ ဒသမ ၈ ဘီလျံရရှိထား

ယခုနှစ် ပထမ ၁၁ လအတွင်း ဗီယက်နမ်နိုင်ငံစိုက်ပျိုးရေးကဏ္ဍ၏ နိုင်ငံတကာကုန်သွယ်ရေး ပိုငွေသည် ကန်ဒေါ်လာ ၈ ဒသမ ၈ ဘီလျံရှိခဲ့ပြီး ယမန်နှစ် အလားတူကာလထက် ၁ ဒသမ ၅ ဘီလျံ ပိုများကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။ စိုက်ပျိုးရေးကဏ္ဍသည် လယ်ယာကုန်စည်၊ သစ်တော ထုတ်ကုန်နှင့် ရေလုပ်ငန်းထုတ်ကုန်များ တင်ပို့ရာမှ ဒေါ်လာ ၃၇ ဒသမ ၃ ဘီလျံရရှိခဲ့ပြီး နှစ်အလိုက် ၃ ဒသမ ၆ ရာခိုင်နှုန်း မြှင့်တင်နိုင်ခဲ့သည်။ လယ်ယာ၊ သစ်တောနှင့် ရေလုပ်ငန်းထုတ်ကုန်များ တင်သွင်းမှုမှာ ၂၈ ဒသမ ၅ ဘီလျံရှိခဲ့ရာ နှစ်အလိုက် သုည ဒသမ ၇ ရာခိုင်နှုန်း လျော့ကျလာသည်။ ပို့ကုန်တန်ဖိုး ဒေါ်လာ နှစ်ဘီလျံ အထက်ရှိသော ထုတ်ကုန် ခုနစ်မျိုး မှာ ကော်ဖီ၊ ရော်ဘာ၊ ဆန်၊ သီဟိုဠ်စေ့၊ သစ်သီးဝလံ၊ ပုစွန်နှင့်သစ်တို့ဖြစ်သည်။ တရုတ်နိုင်ငံသည် ဗီယက်နမ်လယ်ယာကုန်စည်

အကြီးဆုံးဝယ်လက်အဖြစ် ဆက်လက်ရပ်တည်ပြီး စုစုပေါင်းတင်ပို့မှုအနက် ၂၆ ဒသမ ၉ ရာခိုင်နှုန်းကို ဝယ်ယူခဲ့သည်။ တရုတ်၏နောက်တွင် အမေရိကန်ပြည်ထောင်စု (၂၁ ဒသမ ၉ ရာခိုင်နှုန်း)၊ ဥရောပသမဂ္ဂ (၁၁ ဒသမ ၇ ရာခိုင်နှုန်း)၊ အာဆီယံ (၁၀ ရာခိုင်နှုန်း) နှင့် ဂျပန် (၈ ဒသမ ၈ ရာခိုင်နှုန်း) တို့ ရပ်တည်နေသည်။

နှစ်အလိုက် တိုးတက်နှုန်း အကောင်းဆုံးကုန်စည်များမှာ ပို့ကုန်တန်ဖိုး ဒေါ်လာ နှစ်ဘီလျံ ရော်ဘာ (တိုးတက်မှု ၉ ဒသမ ၃ ရာခိုင်နှုန်း)၊ ပို့ကုန် တန်ဖိုး ဒေါ်လာ ၂၁၆ သန်း လက်ဖက် (၁၆ ရာခိုင်နှုန်း)၊ ဒေါ်လာ ၉ ဒသမ ၆ ဘီလျံတန်ဖိုးရှိ သစ် (၁၉ ဒသမ ၅ ရာခိုင်နှုန်း)၊ ဒေါ်လာ ၁၆၃ သန်း တန်ဖိုးရှိ သစ်ကြံပိုးခေါက် (၃၁ ရာခိုင်နှုန်း)တို့ဖြစ်သည်။ အချို့အရေးပါ ပို့ကုန်များမှာ နှစ်အလိုက်ပို့ကုန်လျော့ကျခဲ့ပြီး ၎င်းတို့မှာ ပို့ကုန် တန်ဖိုးဒေါ်လာ သုံးဘီလျံရှိ သီဟိုဠ်စေ့ (ကျဆင်းမှု ၁ ဒသမ ၈ ရာခိုင်နှုန်း)၊ ပို့ကုန်တန်ဖိုး ၂ ဒသမ ၆ ဘီလျံရှိ သစ်သီးဝလံ (ကျဆင်းမှု ၅ ဒသမ ၅ ရာခိုင်နှုန်း)၊ ပို့ကုန်တန်ဖိုး ဒေါ်လာ ၂ ဒသမ ၆ ဘီလျံရှိဆန် (ကျဆင်းမှု ၉ ဒသမ ၄ ရာခိုင်နှုန်း) တန်ဖိုးဒေါ်လာ ၂ ဒသမ ၅ ဘီလျံရှိ ကော်ဖီ (ကျဆင်းမှု ၂၃ ရာခိုင်နှုန်း)နှင့် ပို့ကုန် ၅ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သော ငရုတ်ကောင်းတို့ဖြစ်သည်။ ယခုနှစ် လယ်ယာကုန်စည် တင်ပို့မှု မှာ ဒေါ်လာ ၄၁ ဒသမ ၃ ဘီလျံအထိ ရောက်ရှိနိုင်ပြီး ကုန်သွယ်ရေးပိုငွေ ၉ ဒသမ ၅ ဘီလျံမှ ၁၀ ဘီလျံ အထိ ရှိနိုင်မည်ဟု စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက ခန့်မှန်းသည်။ ယခင်နှစ်က ဗီယက်နမ် လယ်ယာကုန်စည် တင်ပို့မှု စံချိန်တင်၍ ဒေါ်လာ ၄၀ ဒသမ ၂ ဘီလျံအထိရှိခဲ့ပြီး အရှေ့တောင်အာရှ၏ ဒုတိယအများဆုံး လယ်ယာကုန်စည်တင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။

Sourcef: https://www.thefarmermedia.com/news/14305

## ပြည်တွင်းကုန်သွယ်မှုသတင်း

### အိန္ဒိယ၏ မူဝါဒ မတည်ငြိမ်မှုကြောင့် ပြည်တွင်းပဲဈေးကွက် မတည်ငြိမ်

အိန္ဒိယ၏ မူဝါဒမတည်ငြိမ်မှုကြောင့် ပြည်တွင်းပဲဈေးကွက် အတက်အကျများနေပြီး တည်ငြိမ်မှုမရှိကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ သိရသည်။ "အိန္ဒိယရဲ့မူဝါဒ မတည်ငြိမ်မှုတွေကြောင့် အခုရက်တွေမှာ ပဲဈေးက တက်လိုက်ကျလိုက်ပဲ။ မတ်ပဲက ၁၃ သိန်း ကျော်လောက်ထိ တက်ပြီးခါမှ ကျပ် ၉၆၀,၀၀၀ လောက် အထိ အနိမ့်ဆုံးပြန်ကျခဲ့တယ်။ ပြီးတော့ ကျပ် ၁,၁၅၀,၀၀၀ လောက်အထိ ပြန်တက်တယ်။ အခုရက်မှာ တစ်ခါ ကျပ် ၁,၀၉၀,၀၀၀ လောက်ပြန်ဖြစ်တယ်။ ဈေးမတည်ငြိမ်ဘူး။ တက်လိုက်ကျလိုက်ပါပဲ"ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် မတ်ပဲနှင့် ပဲစင်းငုံအား အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ရောင်းချနေခြင်းဖြစ်ပြီး အိန္ဒိယအစိုးရ၏ ၂၀၁၇ ခုနှစ် ဩဂုတ်လမှ စတင်ကာ ပြည်ပမှ ပဲတင်သွင်းခွင့် ကန့်သတ်မှုကြောင့် အိန္ဒိယဈေးကွက်ကို အဓိက အားထားနေရသည့် မြန်မာ့ပဲစိုက် အမျိုးသားတောင်သူများနှင့် ပဲကုန်သည်များများစွာ အခက်တွေ့ခဲ့ရသည်။ "ပြီးခဲ့တဲ့ရက်တွေက နောက်ထပ် ခွဲတမ်းအနေနဲ့ ပဲတန်ချိန် တစ်သိန်းခွဲ၊ နှစ်သိန်းခွဲ စသည်ဖြင့် ထပ်ယူမယ်။ ခွဲတမ်းသတ်မှတ်မယ်တို့ဆိုပြီး သတင်းတွေ ထွက်တယ်။ အဲဒီသတင်းတွေ ထွက်တဲ့ရက်တွေမှာ ပြည်တွင်း ပဲဈေးတွေ တောက်လျှောက် တက်တယ်။ ဒါပေမဲ့ ဒီနေ့အထိ တိကျတဲ့အဖြေမထွက်လာတဲ့ အတွက် ဈေးပြန်ကျပြန်တယ်"ဟု ၎င်းက ဆက်လက်ပြောသည်။



ယခုနှစ် ဖေဖော်ဝါရီအတွင်းက အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပခဲ့သည့် 4th ASEAN India Expo and Summit ၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ပဲတင်ပို့ရေးကိစ္စ နှင့်ပတ်သက်ပြီး မြန်မာ–အိန္ဒိယနှစ်နိုင်ငံ အစိုးရချင်းဆောင်ရွက်ရန် ကမ်းလှမ်းခဲ့သော်လည်း ယနေ့အထိ အိန္ဒိယဘက်မှ အကြောင်းမပြန်သေးကြောင်း သိရသည်။

Source: https://myanmar.mmtimes.com/news/132583.html

### အထည်ချုပ်လုပ်ငန်းများတွင် လူမှုသိက္ခာနှင့် ပတ်ဝန်းကျင် တည်ငြိမ်ရေး စီမံကိန်းကို အီးယူစတင် ဖော်ဆောင်နေ

အထည်ချုပ်ကဏ္ဍတွင် လူမှုသိက္ခာနှင့် ပတ်ဝန်းကျင်တည်ငြိမ်ရေး ဥရောပသမဂ္ဂ(အီးယူ)က စီမံကိန်းတစ်ခုကို စတင်အကောင်အထည်ဖော်နေကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးကပြောသည်။ အီးယူနှင့် အလုပ်သမား သမဂ္ဂများ ပူးပေါင်းပြီး အကောင်အထည်ဖော်မည့် စီမံကိန်းဖြစ်ကြောင်း ၎င်းကဆိုသည်။ အဆိုပါစီမံကိန်းတွင်

အထည်ချုပ်လုပ်ငန်းများ၌ လူသားအရင်းအမြစ် စီမံခန့်ခွဲမှု၊ လုပ်ငန်းခွင်ဆက်ဆံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စွန့်ပစ်ပစ္စည်းနှင့် ဓာတုပစ္စည်းစီမံခန့်ခွဲမှု စသည်တို့ကို အကောင်အထည်ဖော်မည် ဖြစ်သည်။

ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ပုသိမ်အပါအဝင် အခြားဒေသများရှိ အထည်ချုပ်စက်ရုံ ၁၀၀ တွင် စီမံကိန်းအကောင်အထည်ဖော်မည်ဖြစ်သည်။ "အခုစီမံကိန်းက အလုပ်သမားတွေအတွက်ပါ" ဟု ဦးမြင့်စိုးက ပြောသည်။ အီးယူ ကအထည်ချုပ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေး Smart မြန်မာအစီအစဉ်ကို မြန်မာနိုင်ငံ၌ သုံးနှစ်သက်တမ်းဖြင့် နှစ်ကြိမ်ဆောင်ရွက်ခဲ့ကြောင်း ၎င်းကဆိုသည်။အထည်ချုပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်းပြီး ချုပ်လုပ်မှုလုပ်ငန်းများ အပါအဝင် နည်းပညာများ ဖြန့်ဝေပေးခြင်းဖြစ်သည်။ လက်ရှိ မြန်မာနိုင်ငံ၏ အထည်ချုပ်ကဏ္ဍသည်အီးယူ၏သွင်းကုန်အခွန်သက်သာခွင့်ကြောင့်နှစ်စဉ်တိုးတက်နေပြီးတစ်နှစ်ပို့ကုန်ပမာဏ၃၀ ရာခိုင်နှုန်းဝန်းကျင်ရှိကြောင်း အထည်ချုပ် လုပ်ငန်းရှင် အသိုင်းအဝိုင်းက ဆိုသည်။ လက်ရှိအပ်ထည်အမှာများကို အီးယူအဖွဲ့ဝင်နိုင်ငံများက အများဆုံးရရှိနေကြောင်း လှိုင်သာယာ စက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံပိုင်ရှင်တစ်ဦးက ပြောသည်။



၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ချုပ်ထည် ကန်ဒေါ်လာ ငါးဘီလီယံခန့် တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ လက်ရှိ အထည်ချုပ်ကဏ္ဍတွင် လုပ်သား ငါးသိန်းကျော် ဝင်ရောက် လုပ်ကိုင်သည်။

Source: https://7day.news/)173578

## နာနတ်သီးကို တရုတ်သို့ တရားဝင် တင်ပို့နိုင်ရေး ညှိနှိုင်းပေးရန် တောင်းဆို

တရုတ်နိုင်ငံသို့ နာနတ်သီးများ တရားဝင်တင်ပို့နိုင်ရေးဆွေးနွေးညှိနှိုင်းပေးရန် ဒုတိယသမ္မတဦးမြင့်ဆွေ ဦးဆောင်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသို့ တင်ပြတောင်းဆိုထားကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MFVP) အတွင်းရေးမှူး ဒေါ်စန္ဒာမျိုးက ပြောသည်။

ပြည်တွင်းက စိုက်ပျိုးသည့် နာနတ်သီးများကို တရုတ်နိုင်ငံသို့ မူဆယ်နယ်စပ်ဂိတ်ကတစ်ဆင့် တင်ပို့ရောင်းချခဲ့ရာ ယခုနှစ် နာနတ်သီး ထွက်ရှိချိန်တွင် တရုတ်ကပိတ်ပင်ထားခဲ့မှုကြောင့် နာနတ်စိုက်တောင်သူများက အသီးတန်ချိန် ၂၄၀၀၀ ကျော်၊ တန်ဖိုးငွေကျပ် ခုနစ်ဘီလျံနီးပါး ဆုံးရှုံးခဲ့ရကြောင်း သိရသည်။ "အခု အချိန်မှာ နာနတ်စိုက်တောင်သူတွေအနေနဲ့ တရုတ်နိုင်ငံနဲ့ တရားဝင်ကုန်သွယ်ခွင့်မရရှိတဲ့အတွက် ဆုံးရှုံး နစ်နာမှုတွေကြုံတွေ့ နေရပါတယ်။ အဲဒါကြောင့် အစိုးရအနေနဲ့ နာနတ်စိုက်တောင်သူတွေ ဆုံးရှုံးမှုမရှိ စေဖို့အတွက် တရုတ် နိုင်ငံနဲ့တရားဝင်ကုန်သွယ်နိုင်ဖို့ ဆွေးနွေးညှိနှိုင်းပေးစေချင်ပါတယ်"ဟု ဒေါ်စန္ဒာမျိုး က ပြောသည်။



တရုတ်နိုင်ငံသို့ သစ်သီးဝလံများ တရားဝင် တင်ပို့နိုင်ရေးအတွက် ဦးစားပေးစာရင်းတွင် ထောပတ်သီး၊ နာနတ်သီးတို့ကို ဆောင်ရွက်ပေးရန် တင်ပြထားခဲ့သော်လည်း တရုတ်နိုင်ငံက ငှက်ပျောသီး၊ စပါး၊ ပီလောပီနံ၊ ပင်မှည့်သီးများကိုသာတရားဝင်တင်ပို့နိုင်ရန် ဆွေးနွေးညှိနှိုင်းရန်အကြောင်းကြားလာကြောင်း သိရသည်။ "နာနတ်သီးက တရားဝင်စာရင်းထဲမှာ မပါသေးဘူး။ အခုတရားဝင် တင်ပို့ခွင့်ရတာက သီးနှံရှစ်မျိုးပဲရှိသေးတယ်။ တရုတ်ကမဝယ်တာက သူတို့ဘက်မှာ AQSIQ ရဲ့ စာရင်းရှိတယ်။ ဒီစာရင်းထဲမှာ နာနတ်သီးက မပါသေးဘူး။ အဲဒီစာရင်းထဲပါမှ တရားဝင်တင်ပို့လို့ရမှာပါ"ဟု MFVP အတွင်းရေးမှူး ဦးကျော်သူက ပြောသည်။ တရုတ်နိုင်ငံ အရည်အသွေးကြီးကြပ် စစ်ဆေးရေးနှင့်ကူးစက်ရောဂါ ထိန်းချုပ်ရေးဌာန (AQSIQ) စာရင်းဝင်ဖြစ်သည့် တရုတ်နိုင်ငံသို့ တရားဝင် တင်ပို့ခွင့်ရရှိသည့် သီးနှံရှစ်မျိုးသာရှိပြီး သရက်သီး၊ ဖရဲ၊ သခွား၊ သခွားမွှေး၊ ကုလားဆီးသီး၊ လိုက်ချီးသီး၊ မင်းကွတ်သီး၊ ကြက်မောက်သီးနှင့် တောကြက်မောက်သီးတို့ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံက ၂၀၁၈ ခုနှစ် ဇွန်လကထွက်ရှိခဲ့သော နာနတ်သီး တန်ချိန်နှစ်သောင်းကိုနောက်ဆုံးဝယ်ယူခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။ ထောပတ်သီးနှင့်နာနတ်သီးအတွက်ပို့ကုန်အရည်အသွေးပြည့်မီစေရန် ထုပ်ပိုးစက်ရုံများ၊ အခြောက်ခံစက်ရုံများတည်ဆောက်ရန်နှင့် ဆက်စပ်နေသော SME လုပ်ငန်းများ ထွန်းကားလာစေရန် ငွေအရင်းအနှီးများ လိုအပ်သောကြောင့် နိုင်ငံတော်က လုပ်ငန်းရှင်များနှင့်တောင်သူများကို ဆီလျော်သောချေးငွေပံ့ပိုးကူညီပေးရန်လိုကြောင်းသိရသည်။ အရည်အသွေးပြည့်ထုတ်ကုန်များထုတ်လုပ်ရန် လိုအပ်သည့်ကုန်ကြမ်းပစ္စည်းကိရိယာများ၊ အလုပ်သမားကုန်ကျစရိတ်များအတွက် ငွေအရင်းအနှီးအခက်အခဲများ ကြုံတွေ့နေရကာ အထူးသဖြင့် SME ချေးငွေများရရှိရန် အပေါင်ပစ္စည်းနှင့် ဘဏ်လုပ်ငန်းကိစ္စများ ဆောင်ရွက်ရာတွင် အခက်အခဲများစွာ ကြုံတွေ့နေရကြောင်း သိရသည်။

ထို့ပြင် သစ်သီးဝလံတင်ပို့သူများအတွက် ပုံမှန်လမ်းကြောင်းက တင်ပို့ရာတွင် လိုအပ်သောစာရွက်စာတမ်း အထောက်အထားများရရှိရန် ဆောင်ရွက်ရာ၌ အချိန်ကြာမြင့်နေပြီး ပို့ကုန်လိုင်စင်များ သက်တမ်းကုန်သွားမှုများ ကြုံတွေ့ရကြောင်း၊ သစ်သီးဝလံပို့ကုန်များမှာ ပုပ်သိုးကုန်ဖြစ်ကာ အချိန်ကြာမြင့်မှုကြောင့် ပုပ်သိုးပျက်စီးပြီး ငွေကြေးဆုံးရှုံးမှုစသည့် အခက်အခဲများ ကြုံတွေ့နေရသောကြောင့် လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ တစ်နေရာတည်းရယူနိုင်ရန် One Stop Service ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

Source: http://www.htwettoe.com/article-details/news/8459524

## တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံကုန်စည်ဖလှယ်တင်ပို့စနစ် လက်တွေ့အသုံးပြုရန် ကြာမြင့်ဦးမည်

တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံချင်း ကုန်စည်ဖလှယ်တင်ပို့သည့်စနစ် လက်တွေ့အသုံးပြုရန် ကြာမြင့်ဦးမည် ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက ဒီဇင်ဘာ ၁၃ ရက်တွင် မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောသည်။ "အဲဒါက သိပ်ပြီးအားမကောင်းဘူး။ လက်တွေ့မှာ လုပ်ဆောင်ဖို့ခက်ခဲတယ်။ ဘာလို့လဲဆိုတော့ ရောင်းတဲ့သူနဲ့ ဝယ်တဲ့သူက ရောင်းတဲ့သူကလည်း ရောင်းချင်တယ်။ ပိုက်ဆံပဲလိုချင်တယ်။ ဝယ်တဲ့သူကလည်း သူကြိုက်တဲ့ ပစ္စည်းကို သူဝယ်ချင်တယ်။ ရောင်းတဲ့သူရဲ့ပစ္စည်းကို မလိုချင်ဘူး။ ဒါကြောင့် လက်တွေ့အတိုင်းလုပ်ဖို့ အဆင်ပြေလိမ့်မယ်လို့မထင်ဘူး။ အသေးစိတ်ညှိဖို့လိုသေးတယ်။ လုံးဝအဆင်မပြေဘူး။ လုံးဝမဖြစ်နိုင်ဘူးလို့ပြောတာ မဟုတ်ဘူး။ ဒီလိုလေးပဲ လုပ်ရုံနဲ့တော့မရဘူး။ သေချာညှိမှရမယ်"ဟု ၎င်းက ပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်ညှိနှိုင်းမှုများပြုလုပ်ရန် ထပ်မံလိုအပ်နေသည့်အတွက် ကြာမြင့်ဦးမည် ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။ မြန်မာနှင့် တရုတ်နိုင်ငံယူနန်ပြည်နယ်အစိုးရတို့ နှစ်နိုင်ငံကုန်စည်ဖလှယ်မှု ပြုလုပ်ရန် ယခုနှစ်ဧပြီလတွင် နေပြည်တော်၌ MoU လက်မှတ်ရေးထိုးခဲ့ကြသည်။ မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား နယ်စပ်မှ ကုန်ပစ္စည်းများတင်ပို့မှု အဆင်ပြေစေရေး နှစ်နိုင်ငံ တာဝန်ရှိသူများက ညှိနှိုင်းနေကြောင်းလည်း သိရသည်။

Source: https://myanmar.mmtimes.com/news/132381.html

## မြန်မာ့စီးပွားရေး အနာဂတ်တွင်အခြေအနေကောင်းများရှိဟု ဥရောပစီးပွားရေးလုပ်ငန်းရှင်များ မှတ်ချက်ပြု

နိုင်ငံ၏ ပုံရိပ်ထိခိုက်ဖွယ်ရာများရှိနေသော်လည်း မြန်မာ့စီးပွားရေးပတ်ဝန်းကျင်သည် ကျေနပ်စရာကောင်းသည် အထိ တိုးတက်လာပြီး အနာဂတ်အတွက် အခြေအနေကောင်းများရှိသည်ဟု ပြည်တွင်း၌ စီးပွားရေးလုပ်ကိုင်နေသော ဥရောပလုပ်ငန်းရှင်များက မှတ်ချက်ပေး သည်။

မြန်မာနိုင်ငံတွင် လုပ်ကိုင်နေသော ဥရောပစီးပွားရေးလုပ်ငန်း ၇၄ ခုကို သုတေသနပြု မေးမြန်းထားသည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ယုံကြည်မှုစစ်တမ်း ၂၀၁၉ ကို ဥရောပ-မြန်မာကုန်သည်ကြီးများအသင်းက ထုတ်ပြန်ပြီး ထိုစစ်တမ်း၌ အထက်ပါအချက်ကိုဖော်ပြထားသည်။ ဥရောပလုပ်ငန်းရှင်များကလွန်ခဲ့သည့် ၁၂ လအတွင်း မြန်မာစီးပွားရေးပတ်ဝန်းကျင် ပြောင်းလဲမှုသည် ကျေနပ်စရာကောင်းသည်ဟုဆိုသည်။ ၂၀၁၉ တွင် မြန်မာ့စီးပွားရေးသည် တိုးတက်ကောင်းမွန်လာသည်ဟု ယူဆသူ ၆၇ ရာခိုင်နှုန်းရှိသည်ဟု စစ်တမ်းကဆိုထားသည်။ စစ်တမ်းဖြေသူ သုံးပုံတစ်ပုံက မြန်မာ့စီးပွားရေးသည် အလွန်ကျေနပ်စရာကောင်းသည်ဟု ပြောကြားပြီး ယခင်နှစ်က ၃ ရာခိုင်နှုန်းသာ အလွန်ကျေနပ်စရာကောင်းသည်ဟု ဖြေကြားခဲ့ သည်ဟု စစ်တမ်းတွင်ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် လုပ်ကိုင်နေသည့် ဥရောပကုမ္ပဏီသုံးပုံ တစ်ပုံသည် ယူရိုငွေတစ်သန်း (၁ ဒသမ ၆ ဘီလီယံ)မှ ငါးသန်း (၈ ဒသမ ၂ ဘီလီယံ)ကြား ဝင်ငွေရနေသည်ဟု စစ်တမ်းကဆိုသည်။ လုပ်ငန်း ၄၂ ရာခိုင်နှုန်းသည် လည်း အမြတ်ရနေသည်ဟုဆိုသည်။ ဥရောပကုမ္ပဏီ ၃၅ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံတွင် လက်ရှိ၌ အမြတ်ရနေသည်ဟုဆိုပြီး ကုမ္ပဏီ ၂၄ ရာခိုင်နှုန်းက ၂နှစ်အတွင်း အမြတ်ရနေသည်ဟုဆိုသည်။ ဥရောပကုမ္ပဏီ ၄၆ ရာခိုင်နှုန်းသည် ၂ နှစ်မှ ငါးနှစ်အတွင်း ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ ကို စတင်နိုင်သည်ဟု ဖြေဆို သည်။

မြန်မာနိုင်ငံတွင်စီးပွားရေးလုပ်ကိုင်ရာ၌ကျန်းမာရေးကဏ္ဍ၌အများဆုံးဖြစ်ပြီးဒုတိယနှင့်တတိယသည် ဆောက်လုပ်ရေးနှင့်စားသောက်ကုန်ပစ္စည်းထုတ် လုပ်ရေးတို့ဖြစ်သည်ဟု စစ်တမ်းတွင်ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် စီးပွားရေး ဆက်လက်လုပ်ကိုင်ရန် အခက်အခဲလေးခုရှိပြီး ယင်းတို့သည်ကြိုးနီစနစ်၊ နိုင်ငံတကာဖိအားနှင့် လူ့အခွင့်အရေးဆိုင်ရာပြဿနာ၊ ဈေးကွက်

ထိုးဖောက်ရန်ခက်ခဲမှု၊ ကျွမ်းကျင်အလုပ်သမား ရှားပါးမှု၊ မခိုင်သော ဥပဒေများဖြစ်သည်ဟု စစ်တမ်းက ဖော်ပြထားသည်။
Source: https://www.7daydaily.com/173344

## ပြည်ပကုန်သွယ်မှုသတင်း

### ထိုင်းသို့ အခွန်လွတ်ဖြင့် ပြောင်းတန်ချိန် တစ်သိန်းတင်ပို့ရန် ယခုလလယ်၌ လက်မှတ်ရေးထိုးမည်

၂၀၁၉-၂၀၂၀ ပြည့်နှစ်အတွင်း ထိုင်းသို့ ပြောင်းတန်ချိန် တစ်သိန်းတင်ပို့ရန် ယခုလလယ်၌ လက်မှတ်ရေးထိုးမည်ဖြစ်ပြီး အခွန်လွတ်တင်ပို့ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း ဦးမင်းခိုင်က ပြောသည်။ "ဒီလ ၁၅ ရက်၊ ၁၆ ရက်မှာ MoU ထိုးပြီးတာနဲ့စပို့မယ် အခွန်ကတော့ မြန်မာနိုင်ငံဘက်က ကုန်သွယ်ခွန် နှစ်ရာခိုင်နှုန်းပဲရှိတယ်။ ဟိုဘက်ကတော့ အာဆီယံအခွန်မဲ့ဇုန်ထဲမှာ ပါတဲ့အတွက် ထိုင်းက အခွန် သုညရာခိုင်နှုန်းပါပဲ" ဟု ၎င်းကပြောသည်။



ထိုင်းနိုင်ငံဘက်က ပြောင်းတန်ချိန် ၁ ဒသမ ၂ သန်းခန့် တင်ပို့ပေးရန် တောင်းဆိုထားသော်လည်း မြန်မာနိုင်ငံဘက်မှ ပြည်တွင်းသုံးမည့်ပမာဏဖြင့်ချိန်တွက်၍ လတ်တလော၌ ပြောင်းတန်ချိန် တစ်သန်းဝန်းကျင်သာ ကနဦးပို့ပေးရန် သဘောတူထား သေးကြောင်း သိရသည်။

ထိုင်းနိုင်ငံမူဝါဒအရ ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ပြည်ပမှ ပြောင်းတရားဝင် တင်သွင်း ခွင့်ရှိသော်လည်း စက်တင်ဘာလမှ ဇန်နဝါရီလအထိ ငါးလကိုမူ တင်သွင်းခွင့် ပိတ်ထားပြီး ၎င်းကာလ၌ တင်သွင်းပါက အခွန် ၇၃ ရာခိုင်နှုန်း သတ်မှတ်ထားသည်။ ထို့ကြောင့် ထိုင်းနိုင်ငံက ၎င်းတို့၏ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သတ်မှတ်၍ အခွန် သုညရာခိုင်နှုန်းဖြင့် မြန်မာနိုင်ငံဘက်က တင်ပို့ခွင့်ရရှိရန် ညှိနှိုင်းခဲ့ရခြင်းဖြစ်သည်။ "တစ်နှစ်အတွင်း ပြောင်းတန်ချိန် တစ်သန်းလောက် တင်ပို့မှာဖြစ်တယ်။ ပိတ်ထားတဲ့ငါးလမှာကျ အခွန် ၇၃ ရာခိုင်နှုန်းကောက်မယ်ဆိုရင် ဘယ်လိုမှ ပို့လို့မရဘူး။ ကျွန်တော်တို့ ပြောင်းတွေကို အလကားပေးလိုက်ရသလို ဖြစ်မှာပေါ့" ဟု ရှမ်းဒေသ ပြောင်း လုပ်ငန်းရှင် တစ်ဦးက သုံးသပ်ပြောဆိုသည်။

လက်ရှိတွင် ထိုင်းသို့ ပြောင်းတင်ပို့ရာတွင် အဓိကလမ်းကြောင်းဖြစ်သည့် မြဝတီနယ်စပ်ဂိတ် အရည်အသွေးနှင့် ပတ်သက်၍ တိတိကျကျသိရှိရန် ဆောင်ရွက်နေကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ယခုနှစ်အတွက် ပြောင်းတန်ချိန် သုံးသန်းခန့် ထွက်ရှိနိုင်သည်ဟု ခန့်မှန်းထားသော်လည်း ပြည်တွင်းသုံးစွဲမှု အနေဖြင့် တန်ချိန် ၁ ဒသမ ၅ သန်း ခန့်လည်း ရှိနေသည်။ လက်ရှိတွင် ထိုင်းနိုင်ငံသို့ မြဝတီ၊ မဲဆောက်နှင့် လားရှိုးနယ်စပ်လမ်းကြောင်းကတစ်ဆင့် တရားဝင်တင်ပို့နေခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ်အတွင်းက ထိုင်းသို့ပြောင်းတန်ချိန် ၄၇၀၀၀၀ ကျော်တင်ပို့ခဲ့သည်။ ယခင်က မြန်မာ့ပြောင်းကို အဓိကဝယ်နေသည့် တရုတ်နိုင်ငံ က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကစ၍ လျော့နည်းဝယ်ယူလာခြင်းကြောင့် ဈေးနှုန်းများ ဆက်တိုက်ကျဆင်းခဲ့ သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က ပြည်ပသို့ ပြောင်းတန်ချိန် ၁ ဒသမ ၅ သန်းကျော်၊ အမေရိကန်ဒေါ်လာ သန်း ၂၇၀ ကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းအရ သိရသည်။
Source: https://www.thefarmermedia.com/news/14345

### လာအိုလုပ်ငန်းရှင်များက မြန်မာ့လယ်ယာထွက်ကုန်များ ဝယ်ယူလို၍ လာရောက်ဆွေးနွေး

အာရှတောင် သတ္တုတူးဖော်ရေးကုမ္ပဏီက ဦးဆောင်ပြီး လာအိုနိုင်ငံက ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များက မြန်မာထံမှ လယ်ယာထွက်ကုန်များ ဝယ်ယူလို၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးနှင့် နိုဝင်ဘာလအတွင်းက လာရောက်တွေ့ဆုံဆွေးနွေးကြောင်း သိရသည်။ အဆိုပါ လာအိုကုမ္ပဏီများက မြန်မာ့လယ်ယာထွက်ကုန်များကို ဝယ်ယူပြီး တရုတ်နိုင်ငံသို့ တစ်ဆင့်ပြန်လည်တင်ပို့မည်ဖြစ်သည်။ အဆိုပါကုမ္ပဏီသည် လာအိုနိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်နေသည့်အပြင် တရုတ်နှင့်လည်း ကုန်သွယ်မှု ဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ လာအိုနိုင်ငံသည် ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ထံမှကုန်စည်များဝယ်ယူ၍ တရုတ်သို့ တစ်ဆင့်ခံပြန်လည်တင်ပို့နေကြောင်း သိရသည်။



လာအိုအစိုးရသည် အဆိုပါကုမ္ပဏီကို တရုတ်သို့ ဆန်တန်ချိန် ၂၀၀၀၀၊ ကောက်ညှင်းဆန်တန်ချိန် ၁၀၀၀၀ နှင့် ပြောင်းတန်ချိန် ၅၈၀၀၀ ခန့် တင်ပို့ရန် ခွင့်ပြုပေးထားကြောင်း သိရသည်။

တရုတ်အစိုးရက အဆိုပါကုန်စည်များကို ကိုတာစနစ်ဖြင့် ဒီဇင်ဘာ ၃၁ ရက်နောက်ဆုံးထား၍ တင်သွင်းခွင့်ပေးထားကြောင်းသိရသည်။ အဆိုပါကုမ္ပဏီသည် တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့ခွင့်ကို စမ်းသပ်တင်ပို့မည် သဘောမျိုး ဆောင်ရွက်

လိုကြောင်း၊ အကယ်၍ စမ်းသပ်တင်ပို့မှုအောင်မြင်လျှင် ပိုမိုတိုးမြှင့်တင်ပို့သွားရန်ရှိကြောင်း၊ နောက်ပိုင်းတွင် လာအိုနှင့် ထိစပ်နေသည့် ရှမ်းပြည်ဒေသကထွက်ရှိသည့် ဆန်၊ ပြောင်း စသည့် သီးနှံများကိုလည်း ပြည်ပသို့ တစ်ဆင့်ခံပြန်လည်တင်ပို့လိုကြောင်း ဆွေးနွေးခဲ့သည်ဟု သိရသည်။ ထို့ပြင်မြန်မာ့စိုက်ပျိုးရေးအတွက်လည်းနည်းပညာကူညီချင်ကြောင်း၊မြန်မာ-လာအိုချစ်ကြည်ရေး တံတားက ဖြတ်သန်းပြီး တရားဝင်ကုန်သွယ်မှု ခွင့်ပြုမည့်အချိန်တွင်လည်း မြန်မာ-လာအို အပြင် လာအိုမှတစ်ဆင့်ဗီယက်နမ်နိုင်ငံသို့ ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစနစ်ဖြင့် ကုန်သွယ်မှုဆောင်ရွက်ရန်လည်း ဆွေးနွေးခဲ့သည်။ မြန်မာနှင့် လာအိုကုန်သွယ်မှုသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ကန်ဒေါ်လာ သုည ဒသမ ၁၉၄၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သုည ဒသမ ၂၃၆ ရှိကြောင်း သိရသည်။

မြန်မာ- လာအိုချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတားကို စီမံခန့်ခွဲမှုဆိုင်ရာ နှစ်နိုင်ငံက သဘောတူညီမှု စာချုပ်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လာအိုနိုင်ငံခြားရေးဝန်ကြီးတို့က နေပြည်တော်တွင် ဩဂုတ် ၅ ရက်က လက်မှတ်ရေးထိုးခဲ့သည်။ မြန်မာ- လာအိုချစ်ကြည်ရေး တံတားမှ တစ်ဆင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ တရုတ်နိုင်ငံသို့ ကုန်သွယ်မှုပြုနိုင်ပြီး ယခင်က တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုလမ်းကြောင်းမှာ မယ်ခေါင်မြစ်ကြောင်းအသုံးပြု၍ ကုန်သွယ်နေခြင်းဖြစ်သည်။ Source: https://www.thefarmermedia.com/news/14344

## တရုတ်က မြန်မာ့သီးနှံရှစ်မျိုးကို နယ်စပ်လမ်းကြောင်းအားလုံးက တရားဝင်တင်သွင်းခွင့်ပြု

တရုတ်နိုင်ငံက မြန်မာ့သစ်သီးဝလံရှစ်မျိုးကို မည်သည့်နယ်စပ်လမ်းကြောင်းကမဆို တရားဝင်တင်သွင်းခွင့် ပေးလိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း (MFVP) အတွင်းရေးမှူး ဦးကျော်သူကပြောသည်။ မူဆယ်ဂိတ်အပြင် အခြားနယ်စပ်ဂိတ်များက တရားဝင်တင်ပို့ခွင့်ရရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တရုတ်အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့နှင့် ချိတ်ဆက်၍ တရားဝင်တင်ပို့ခွင့်ပေးရန် ဆွေးနွေးရာတွင် အဆိုပါအဖွဲ့က အောက်တိုဘာ ၂၆ ရက်ကစ၍ တရားဝင် ခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ “တရုတ်ကို သီးနှံရှစ်မျိုး တရားဝင်တင်ပို့ခွင့်ရတယ်။ သီးနှံရှစ်မျိုးကိုလည်း ဂိတ်ပေါက်တိုင်းက တင်ပို့နိုင်ပြီ။ အရင်ကဆိုရင် ကချင်ပြည်နယ်ဘက်က ကန်ပိုက်တီး၊ လွယ်ဂျယ်ပေါက်တွေက တင်ပို့လို့မရတော့ မူဆယ်ကိုပြန်လာပြီး တင်ပို့ရတယ်။ အခုဒီလမ်းကြောင်းတွေလည်း ပွင့်သွားပြီ ဆိုတော့ စရိတ်တွေသက်သာလာမှာပါ”ဟု ၎င်းကပြောသည်။ သီးနှံရှစ်မျိုးအနက် လေးမျိုးဖြစ်သော သရက်သီး၊ ဖရဲသီး၊ သခွားမွှေးနှင့် ကုလားဆီးသီးတို့သည် ယခင်က မူဆယ်-ရွှေလီအပေါက်၊ မိုင်းလား-တာလော့အပေါက်နှစ်ခုကသာ တင်ပို့ခွင့်ရှိပြီး ကျန်ဂိတ်ပေါက်များက တင်ပို့ပါက တရားမဝင် တင်ပို့ခြင်း အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။



တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိသည့် သစ်သီးရှစ်မျိုးမှာ သရက်သီး၊ ဖရဲသီး၊ သခွားမွှေး၊ ကုလားဆီးသီး၊ လိုက်ချီးသီး၊ မင်းကွတ်သီး၊ ကြက်မောက်သီးနှင့် တောကြက်မောက်သီး တို့ဖြစ်သည့်အပြင် ငှက်ပျောသီး၊ ပီလောပီနံ၊ ထောပတ်သီး၊ ကျွဲကောသီး စသည့် သစ်သီးများကိုလည်း တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိရန် GACC ဌာနသို့ တင်ပြထားကြောင်း သိရသည်။ ထို့ပြင် ငှက်ပျောသီး၊ ထောပတ်သီး၊ သံပရာသီး၊ နာနတ်သီး၊ ကျွဲကောသီး၊ ချဉ်ပေါင်ဖာလာ၊ လျှော်ဖြူ (ဆေးကုလားမ)နှင့် ဝဥတို့ကို တရားဝင် တင်ပို့ရောင်းချနိုင်ရေး တရုတ်နိုင်ငံ၏ အကောက်ခွန်အာဏာပိုင် အဖွဲ့သို့ ချိတ်ဆက်ညှိနှိုင်းမှုများ ဆောင်ရွက် ထားကြောင်း သိရသည်။ ထိုသို့ ချိတ်ဆက်ရာ၌ ချဉ်ပေါင်ဖာလာနှင့် ဝဥ တို့ကို သမားရိုးကျပို့ကုန် Traditional Trade အဖြစ် လည်းကောင်း၊ ကျန်သစ်သီးငါးမျိုးတို့အတွက် ပိုးမွှားကင်းစင်မှုဆိုင်ရာ Pest Risk Analysis (PRA) မေးခွန်း များအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တရုတ်နိုင်ငံ အကောက်ခွန် အာဏာပိုင်အဖွဲ့သို့ ပေးပို့ထားပြီးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

Source: https://www.thefarmermedia.com/news/14295

## Hemp ကို စိုက်ပျိုးခွင့်ရရှိပါက ရင်းနှီးမြှုပ်နှံလိုဟု တရုတ်ကုမ္ပဏီများ ကမ်းလှမ်း

ဆေးခြောက်နွယ်ဝင်ဖြစ်သည့် စက်မှုလျှော်ပင် (Hemp) ကို မြန်မာနိုင်ငံတွင် တရားဝင်စိုက်ပျိုးခွင့်ရရှိပါက လာရောက်ရင်းနှီးမြှုပ်နှံလိုသည်ဟု တရုတ်ကုမ္ပဏီများက ကမ်းလှမ်းထားကြောင်းသိရသည်။ မြန်မာ့စက်မှုလျှော်ပင်အသင်း (Myanmar Hemp Association) သည် တရုတ်နိုင်ငံ ယူနန်ပြည်နယ်၌ နိုဝင်ဘာလက ကျင်းပသည့် တရုတ်-မြန်မာစက်မှု လျှော်ပင်

ထုတ်လုပ်မှု လုပ်ငန်းဖိုရမ်သို့ တက်ရောက်ရာတွင် တရုတ်ကုမ္ပဏီများက မြန်မာနိုင်ငံ၌ ပူးပေါင်းစိုက်ပျိုးရန် ကမ်းလှမ်းခြင်း ဖြစ်သည်။

တရုတ်နိုင်ငံသည် စံနာစမှ လျှော်ထုတ်လုပ်မှုတွင် ကမ္ဘာ့စျေးကွက် ၅၀ ရာခိုင်နှုန်းရှိပြီး တွင်တွင်ကျယ်ကျယ် လုပ်ကိုင်နေကြောင်း မြန်မာ့စက်မှုလျှော်ပင်အသင်း ဥက္ကဋ္ဌ ဦးအောင်စေတိုးက ပြောသည်။ “အခုက မူးယစ်ဆေး ဥပဒေထဲက Hemp ကိုဆွဲထုတ်ဖို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့နဲ့အတူ ကြိုးစားနေတယ်။ ၂၀၂၀ ကျရင် စမ်းသပ် စိုက်ပျိုးနိုင်မယ်။ သုတေသနပြုလုပ်နိုင်မယ်။ အဲဒါပြီး မှ စီးပွားဖြစ် စိုက်ပျိုးနိုင်မယ်” ဟု ၎င်းက ပြောသည်။

ကမ်းလှမ်းသည့် တရုတ်ကုမ္ပဏီများကို လက်ရှိမြန်မာနိုင်ငံ၏အခြေအနေကိုရှင်းပြပြီး တရားဝင် စိုက်ခွင့်ရှိသည့် အချိန်၌လာရောက် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။ Hemp ကို မြန်မာတောင်သူများ စိုက်ပျိုးခွင့်ရရှိရန် ဥပဒေပြင်ဆင်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီး ဌာနတို့နှင့် ညှိနှိုင်းနေပြီး မူးယစ် ဆေးဝါးဥပဒေကို ယခုလအတွင်း ပြင်ဆင်နိုင်ရန် ဆောင်ရွက်နေကြောင်း ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှု ဘဝဖွံ့ဖြိုး တိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးရန်လင်းက ပြောသည်။ “ကနဦးမှာ Hemp ကို လွတ်လွတ်လပ်လပ် စိုက်ခွင့်ပေးတာမျိုးမဟုတ်ဘဲ စည်းမျဉ်း စည်းကမ်းနဲ့ စိုက်ပျိုးခွင့်ပေး တဲ့ပုံစံနဲ့ ဆောင်ရွက်မယ်” ဟု ၎င်းက ရှင်းပြသည်။




လက်ရှိတွင် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ဥပဒေအရ Hemp ကို စိုက်ပျိုးပါက ဘိန်းစိုက်သကဲ့သို့ ထောင်ဒဏ် ငါးနှစ်မှ ၁၀နှစ်အထိ ချမှတ်နိုင်သည့် ပြစ်ဒဏ်ရှိနေခြင်းကြောင့် တရားဝင်ဖြစ်မှသာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို လက်ခံနိုင်မည် ဖြစ်ကြောင်း ဥပဒေရေးရာကျွမ်းကျင်သူ ရှေ့နေအချို့က သုံးသပ်သည်။ Hemp ၏သက်တမ်းမှာ လေးလခန့်ဖြင့် ရိတ်သိမ်းနိုင်ပြီး မြေဩဇာနှင့်ပိုးသတ်ဆေးမလိုဘဲ ပုံမှန်ထွက်ယက်ရုံဖြင့် စိုက်ပျိုးနိုင်သည့်အနေအထားတွင်ရှိခြင်းကြောင့် တောင်သူများ အကျိုးဖြစ်ထွန်းမည်ဖြစ်ကာ တစ်ဧကလျှင် ကျပ် ၁၅ သိန်းခန့်ရရှိနိုင်ကြောင်း သိရသည်။

လက်ရှိတွင် နိုင်ငံတော်တော်များများ၌ အဆိုပါ စက်မှုလျှော်ပင် Hemp မှ မော်တော်ကား ဒက်ရှ်ဘုတ်၊ အိမ်နံရံနှင့် စက္ကူအပါအဝင် လူသုံးကုန်ပစ္စည်းနှင့် ဆက်စပ်သော အမျိုးပေါင်း ၅၀၀၀၀ ကျော်အထိ ထုတ်လုပ်နိုင်သည့်အတွက် စီးပွားဖြစ် စိုက်ပျိုးလျက်ရှိသည်။ အလားတူ စက်မှုလျှော်ပင်၏အရွက်၊ အမြစ်၊ ပင်စည်တို့ကို ချည်မျှင်နှင့် အဝတ်အထည်များ၊ စက်မှု လုပ်ငန်းသုံးကုန်ကြမ်းနှင့် အစားအစာများတွင် အသုံးပြုကြ ကြောင်း သိရသည်။ ၂၀၁၈ ခုနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်ရှိ မြို့သာစက်မှုဇုန်တွင် Hemp ဧက ၆၀ ခန့်စိုက်ပျိုးထားသည့် အမေရိကန်နိုင်ငံသားတစ်ဦးနှင့် မြန်မာနိုင်ငံသား အချို့ကို ရဲတပ်ဖွဲ့က ဝင်ရောက်ရှာဖွေ ဖမ်းဆီးပြီးနောက် မူးယစ်ဆေးဝါး ပုဒ်မဖြင့် ရုံးတင် တရားစွဲဆိုထားသည်။

Source: http://htwettoe.com/article-details/news/8413455

## ထားဝယ်အထူးစီးပွားရေးဇုန်က မဟာမဲခေါင်အပါအဝင် အရှေ့အလယ်ပိုင်းနှင့် အိန္ဒိယစျေးကွက်သို့ ချိတ်ဆက်ရန် ဖြစ်ဟုဆို

ထားဝယ်အထူး စီးပွားရေးဇုန်သည် မဟာမဲခေါင် တောင်ပိုင်းစင်္ကြံနှင့် အရှေ့အလယ်ပိုင်းဒေသ၊ အိန္ဒိယစျေးကွက် တို့သို့ ချိတ်ဆက်ရန်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောသည်။ ဒီဇင်ဘာ ၇ ရက်က မြိတ်မြို့၌ ကျင်းပသည့် တနင်္သာရီ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၁၉ တွင် ဒုတိယယ သမ္မတက ပြောကြားသည်။

တနင်္သာရီ တိုင်းဒေသကြီး သည် မဟာမဲခေါင်၏ အနောက်ဘက်ဆုံး ဝင်ပေါက်သဖွယ်ဖြစ်ပြီး ဒေသတွင်း နိုင်ငံများနှင့် တောင်ပိုင်းစီးပွားရေးစင်္ကြံ (Southern Economics Corridor-SEC) သို့ ချိတ်ဆက်နိုင်မည့် အရေးပါသည့်နေရာတွင် တည်ရှိနေသည်ဟု၎င်းကဆိုသည်။ တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်ဖွံ့ဖြိုးတိုးတက်ရေး ထားဝယ်အထူး စီးပွားရေးဇုန် တည်ဆောက်ခြင်းဖြစ်ပြီး ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်များက ဒေသအတွင်း အရေးပါသည့် လုပ်ငန်းများ ဖြစ်သည် ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံသည် အာဆီယံ အသိုက်အဝန်း ၂၀၂၅ ကို အကောင်အထည်ဖော်ရန် ကတိပြုထားသဖြင့် အာဆီယံနိုင်ငံများ ကြားတွင် လူအချင်းချင်းဆက်နွှယ်မှုများနှင့် အခြေခံအဆောက်အအုံ ချိတ်ဆက်မှုများလည်း ပိုမိုဖြစ်လာမည်ဟု ဒုသမ္မတက ဆို သည်။

တနင်္သာရီတိုင်းတွင် သဘာဝပုလဲလုပ်ငန်း၊ မွေးပုလဲလုပ်ငန်း၊ ပင်လယ်ရေထွက်ကုန်လုပ်ငန်း၊ ရော်ဘာနှင့် ဆီအုန်း စိုက်ပျိုးရေးလုပ်ငန်း၊ ငှက်သိုက်မွေးမြူရေးနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းစသည်တို့သည် အဓိက လုပ်ငန်းများဖြစ်သည်ဟု ၎င်းကဆိုသည်။ ထို့ပြင် ပင်လယ်ကမ်းခြေနှင့်ကျွန်းများ ပိုင်ဆိုင်ထားခြင်းကြောင့် သဘာဝခရီးသွား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အရေးပါသည်ဟု ဒုသမ္မတက ဆိုသည်။ တနင်္သာရီတိုင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် ၂၀၁၉ အောက်တိုဘာအထိ လုပ်ငန်း ၄၄ခုမှ ကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ ရင်းနှီးမြှုပ်နှံထားသည်။ အဆိုပါ ဖိုရမ်ကို မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံသူများ ဖွံ့ဖြိုးတိုး တက်ရေးအသင်း (MIDA)နှင့် DaNa Facility တို့ ပူးပေါင်း ပြုလုပ်ခြင်းဖြစ်သည်။



Source: [https://www.7daydaily.com/173010](https://www.7daydaily.com/173010)

## အထူးဆောင်းပါးများ

### မြန်မာ့သစ်သီးဝလံများ ဈေးကွက်ခိုင်မာရေးနှင့် ရေရှည်တင်ပို့နိုင်ရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံထားသည့်နိုင်ငံဖြစ်သလို မြန်မာ့လယ်ယာထွက်ကုန်များကိုလည်း ပြည်ပ နိုင်ငံများသို့ တင်ပို့လျက်ရှိနေသည်။ မြန်မာ့လယ်ယာထွက်ကုန်များကို ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံသည် စပါးကို အဓိက စားသုံးသီးနှံအဖြစ် စိုက်ပျိုးပြီး ပြောင်း၊ ဆီထွက်သီးနှံအဖြစ် မြေပဲနှင့် နှမ်း၊ ပဲမျိုးစုံ ဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲလွန်းနှင့် ဘိုကိတ်ပဲ၊ သစ်သီးဝလံများအဖြစ် သရက်သီး၊ ဖရဲသီး၊ သခွားမွှေး၊ ကုလားဆီးသီး၊ လိုက်ချီးသီး၊ မင်းကွတ်သီး၊ ကြက်မောက်သီး၊ ထောပတ်သီးနှင့် ကျွဲကောသီး၊ ဟင်း ခတ်အမွှေးအကြိုင်များအဖြစ် ချင်း၊ နနွင်း၊ ငရုတ်ကောင်း၊ မန်ကျည်း သီးတို့အပြင် တခြား ဟင်းသီးဟင်းရွက်မျိုးစုံကိုလည်း စိုက်ပျိုး ထုတ် လုပ်တင်ပို့လျက်ရှိနေသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ လယ်ယာထွက်ကုန် သီးနှံများကို ပြည်တွင်း၌ စားသုံးရန်အတွက် သာမကဘဲ ပြည်ပနိုင်ငံများသို့ တင်ပို့ ပြီး နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနေသည်။ မြန်မာ့ လယ်ယာထွက်ကုန် များကို တရုတ်နိုင်ငံ အပါအဝင် စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ သီရိလင်္ကာ စသည့်နိုင်ငံများသို့ တင်ပို့လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက် ကုန်ပစ္စည်းများကို အာဖရိကနိုင်ငံများနှင့်ဥရောပနိုင်ငံများသို့လည်းတရားဝင်တင်ပို့လျက်ရှိသည်။ တရုတ်နိုင်ငံ ကုန်ပစ္စည်း အရည်အသွေးကြီးကြပ်ရေး၊ စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်မှု အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့က မြန်မာနိုင်ငံအနေဖြင့် မင်းကွတ်သီး၊ တောကြက်မောက်သီး၊ကြက်မောက်သီးနှင့် လိုက်ချီးသီးတို့ကို ပင်လယ်ရေကြောင်းအပြင် နယ်စပ်မှလည်းကောင်း နှစ်မျိုးစလုံး ဖြင့်တင်ပို့နိုင်ပြီး သရက်သီး၊ ဖရဲသီး၊ သခွားမွှေးနှင့်ကုလား ဆီးသီးတို့ကို နယ်စပ် ကုန်သွယ်ရေး လမ်းကြောင်းများ ဖြစ်သည့် မူဆယ်-ရွှေလီလမ်းကြောင်းနှင့် မိုင်းလား-တာလော့လမ်းကြောင်း တို့မှ တရားဝင်တင်ပို့နိုင်ကြောင်းကို ၂၀၁၇ ခုနှစ် အောက်တိုဘာလက ထုတ်ပြန်ထားပြီးဖြစ်သည်ဟုသိရသည်။ လက်ရှိအချိန်တွင် မြန်မာ့လယ်ယာထွက်ကုန်များထဲမှ ထွက်ကုန် တချို့ဖြစ်သည့် သစ်သီးရှစ်မျိုးကို တရုတ်နိုင်ငံသို့ နယ်စပ်လမ်းကြောင်း အသစ်များ ထပ်မံတိုးချဲ့ပြီး တရားဝင် တင်ပို့ခွင့်ရရှိပြီ ဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက် ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း (MFVP) အတွင်းရေးမှူး ဦးကျော်သူက နိုဝင်ဘာ ၃၀ ရက်တွင် ပြောဆိုထားသည်။ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့် ရရှိထားသည့် အဆိုပါ သစ်သီးရှစ်မျိုးမှာ သရက်သီး၊ ဖရဲသီး၊ သခွားမွှေး၊ ကုလားဆီးသီး၊ လိုက်ချီးသီး၊ မင်းကွတ်သီး၊ ကြက်မောက်သီးနှင့် တောကြက်မောက်သီး စသည်တို့ ဖြစ်ကြောင်း သိရသည်။

